# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး
# ၃၃ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၄- ၇ - ၂၀၁၄ ]
# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ သက်တမ်းတိုးမြှင့်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေးတာများ ကျိုးပေါက်ခဲ့ရသဖြင့် ပြန်လည်တည်ဆောက်မည့် အစီအမံများ၊ ပြည်သူ့စစ်မဟာဗျူဟာကို စတင်ကျင့်သုံးမည့် အခြေအနေ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့များနှင့် နယ်မြေလုံခြုံမှုကို ပူးတွဲဆောင်ရွက်မည့် အစီအမံများနှင့်ပြည့်စုံသော နယ်ခြားလုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ် ရေးဆွဲ ပြဋ္ဌာန်းရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြရာ၌ မြို့နယ်(စီမံခန့်ခွဲရေးကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ)တို့၏ သဘောတူညီချက် ပါရှိရန် လိုအပ်ချက် ရှိ/မရှိ နှင့် မြို့နယ်(စီမံခန့်ခွဲရေးကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ)များအစား အချိန်ပြည့် မြို့နယ်ကောင်စီ သို့မဟုတ် မြို့ကောင်စီများဖြင့် ရွေးချယ်ဖွဲ့စည်းရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ငဖဲမြို့နယ်အတွင်း တရုတ် - မြန်မာ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမှုတွင် ပိုက်လိုင်းမြှုပ်နှံခြင်း၌ မြေစာပုံများပိ၍ ပျက်စီးသွားသော နှစ်ရှည်ပင်များအတွက် အပင်လျော်ကြေးပေးအပ်ရမည့်အစား မြေဧကပေါ် မူတည်၍ တွက်ချက်ပေးလျော်ခြင်းသည် သင့်လျော် မှန်ကန်မှု** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာအကြားရှိ တိမ်ကောနေသော သုခမြိုင်ချောင်းကို ပြန်လည်တူးဖော် ရှင်းလင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ချင်းပြည်နယ်၊ ဟားခါးမြို့တွင် အစိုးရမှခွင့်ပြုချက် ချမှတ်ပေးထားသော အဆောက်အဦများ ဆောက်လုပ်ရန်အတွက် တင်ဒါစနစ်ဖြင့် ခေါ်ထားသော်လည်း အောင်မြင်သော တင်ဒါသည် ပွင့်လင်းမြင်သာမှု ရှိ/မရှိကိုလည်းကောင်း၊ တင်ဒါခွင့်ပြုသည့် လုပ်ငန်းသည် ဝန်ကြီးချုပ်တစ်ဦးတည်း၏ လုပ်ပိုင်ခွင့် ရှိ/မရှိကိုလည်းကောင်း သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာအုပ်ချုပ်ရေးမှူးကို အပြစ်မရှိဘဲ ထုတ်လိုက်သည့်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်အရ ဘဏ္ဍာနှစ်အတွင်း ပိုလျှံငွေကို ဆက်လက်သယ်ဆောင်ခွင့်မရှိဘဲ ငွေကြေးလိုအပ်ချက်ရှိပါက နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ (SEE) နှင့်တန်းတူ ဗဟိုဘဏ်မှ အတိုးနှင့်ချေးရသည့် စနစ်သည် ဖြစ်သင့်၊ မသင့်၊ အခွန်ထမ်းပြည်သူများ ထည့်ဝင်ထားသော အခွန်အခများကို သက်ဆိုင်ရာမြို့နယ်၌ အပြည့်အဝ အသုံးချဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ပြန်လည်သုံးသပ်ရန်** နှင့် **စည်ပင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုအဆင့်တွင် ဝန်ကြီးဌာန၊ ဦးစီးဌာနမရှိတော့၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရာထူးတိုးခွင့်၊ တိုင်းကျော် ပြောင်းရွှေ့ခွင့် အခွင့်အလမ်းများ ကြပ်တည်းသွား၍ မည်သို့ စဉ်းစား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးခင်မောင်ငြေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ဖြတ်သန်းသွားသည့် ငါးလိုက်ချောင်း ကမ်းပါးပြိုကျလာနေသည့်အတွက် ကျေးရွာရှိ နေအိမ်များ ပျက်စီးမျောပါသွားခြင်းမှ ကာကွယ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ခ ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဂ ) ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်သား ကိုယ်စားလှယ်

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော "မြစိမ်းရောင်"စီမံကိန်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၃၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။